http://www.dhammadownload.com



မရှိအောင် ယုံကြည်ကြောက်ရွံ့သွားလေ၏။ ထို့အတွက် ဘဒ္ဒေးက ရာတန်တစ်ရွက် ထုတ်ပေးလိုက်သောအခါတွင် လေးကန်ဖင့်နွဲ့ခြင်းမရှိဘဲ သွက်သွက်လက်လက် လောဘတကြီးနှင့် ယူလိုက်ကာ အိမ်ကြီးဘက်သို့ မျှော်ကြည့်လိုက်ပြီးမှ

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ ဒါပေမဲ့ ရောက်တဲ့အခါကလေး ကျွန်တော့ အဲမေကို ခဏလောက် ဝင်ကြည့်ပါရစေလား ခင်ဗျာ။ ကျွန်တော် ပြန်မရောက်တာ ဆယ့်ငါးနှစ်လောက်ရှိနေပါပြီ"ဟု သနားစဖွယ် တောင်းပန်ရှာသေးသည်။ ကျွန်ုပ်တို့၏ ဘဒ္ဒေးသည် ဤတစ်ခါတွင်ကား လူမိုက်လူဆိုးတစ်ယောက်အပေါ် အတော်ကြီး ကရုဏာသက်သွားမိသည်။ သို့သော် သူရောက်သွားခြင်းကြောင့် မဝင်းနု၌ အကျိုးရှိနိုင်တော့မည် မဟုတ်။ မိခင်ကြီးနှင့် သူ့အတွက်ပင် ထူးခြားလှတော့မည်မဟုတ်တော့ သောကြောင့်

"မဖြစ်ဘူး။ ဂါတ်က လူတွေကို ကျုပ်မှာခဲ့မိလို့ သူတို့တစ်တွေ လိုက်လာကြလိမ့်မယ်။ ခင်ဗျား ဝင်နေရင် မိမှာပဲ"ဟု အလောသုံးဆယ် နှင်လိုက်လေသည်။

သူခိုးဘဒ္ဒေးသည် ဖြစ်နိုင်ပုံ မပေါ်သောအခါ အိမ်ကြီးကို နောက်ဆုံး ကြည့်နည်းဖြင့် ကြည့်ရင်း ခြံဝင်းကြီးထဲမှ ခပ်ဖြည်းဖြည်း ထွက်သွား ရှာလေ၏။

*

ဤသို့ ဘဒ္ဒေးသည် စိတ်အေးလက်အေး အယောင်ဆောင်ခဲ့သည်မှာ ရက်လည်ဆွမ်းသွပ်ပြီးသည်အထိ ဖြစ်လေ၏။ ဤကြားထဲတွင် မသာကိစ္စသို့လာကြသော အရပ်သူအရပ်သားများအား စကားစပ်မိအောင် ရောရော ဝင်ဝင် မနေခဲ့။ ဧည့်သည်များကလည်း ဘဒ္ဒေးအား မေတ္တာမရှိသကဲ့သို့

http://www.dhammadownload.com



ခပ်ဝေးဝေးကပင် အုံ့ညြှိုရာကြသော အမှုအရာမျိုးဖြင့် လာကြသွားကြ တော့သည်။ တစ်ရွာလုံး၏ အကြင်နာမေတ္တာကို ခံယူရသူကား ကလေးမ မဝင်းနုပင် ဖြစ်တော့သည်။ ဘဒ္ဒေးအား အရေးမစိုက်ကြသလောက် မဝင်းနုကလေးအား ဝိုင်း၍ အားပေးနှစ်သိမ့်ကြသည်။ ကူညီကြသည်။ ဝိုင်းဝန်းကြသည်။ မဝင်းနုကလေးကား တစ်ရွာလုံး၏ အချစ်တုံး အချစ်ခဲ ကလေးပေတကား။

မဝင်းနုသည် အိမ်မှုကိစ္စ ဧည့်သည်အများ၏ ဝေယျာဝစ္စကိုလည်း သွက်လက်ဖျတ်လတ်စွာ ကျေပွန်လိုက်သေးသည်။ ဘဒ္ဒေး၏ စားမှု သောက်မှု၊ နေမှုထိုင်မှုစသည်တို့ကိုလည်း ဝတ္တရားမပျက် ဆောင်ရွက် လုပ်ကျွေးလိုက်သေးသည်။ ဘဒ္ဒေးသည် မဝင်းနု၏ အယုအယကြားတွင် နှစ်သိမ့်ကျေနပ်နေတော့သည်။ ကလေးမကို ချစ်ကြိုက်ကြည်ညို စေတနာ တွေ ပိုခဲ့လေပြီ။

ထိုနေ့က ဧည့်သည်များ ပြန်သွားကြ၍ အိမ်မှုကိစ္စအားလပ်သည်နှင့် တစ်ပြိုင်နက် ပက်လက်ကုလားထိုင်နှင့် စဉ်းစားနေသော ဘဒ္ဒေးအပါးသို့ ခပ်ယို့ယို့ကလေး ကပ်လာပြီးလျှင် ပုဆစ် ဒူးတုပ် ထိုင်ချလိုက်လေသည်။ ဘဒ္ဒေးသည် ပက်လက်လှဲနေရာက ဆတ်ခနဲ ခေါင်းထောင်၍ ထထိုင် လိုက်မိသည်။

"ဘာ ဘာ ဘာလဲ ကလေးမ။ ငွေမလောက်လို့လား"

မဝင်းနုသည် စကားကို ဖြုန်းခနဲ ပြန်မဖြေဖော်မရ။ ငုံ့နေသော ခေါင်းကို မော့၍ မျက်ရည်လည်ရွဲနှင့် ဘဒ္ဒေးအား ရွှန်းရွှန်းစားစားကြည့် လိုက်သည်။ သူမ၏ မျက်လုံးများမှာ ပြိုးပြိုးပြက်ပြက် အရောင်ကလေး တွေ လက်နေတော့သည်။

http://www.dhammadownload.com



"အစ်ကိုကြီးမှာ ငွေရှိပါတယ် ကလေးမရဲ့။ ဘယ်လောက်ယူဦးမလဲ"

"အစ်ကိုကြီး အစ်ကိုကြီးကို ဝင်းနုမေးပါရစေ။ အစ်ကိုကြီး အစ်ကိုကြီးက ဘယ်သူလဲ ဟင်"

"ဟင်"

ဘဒွေးသည် ယောင်၍အော်လိုက်မိသည်။ တစ်ကိုယ်လုံး တုန်သွားတော့၏။

"အစ်ကိုကြီးဟာ ဘယ်သူလဲလို့ ဝင်းနု မေးတာပါ။ သူစိမ်းတစ်ယောက်က ဘာဖြစ်လို့ ဒီလောက်စေတနာထားပြီး အမေ့ နောက်ဆုံးဆန္ဒကြီးကို ဖြည့်ဆွမ်းရအောင် လာခဲ့တာလဲဆိုတာ တွေးလို့မဆုံး အံ့ဩလို့ မကုန်နိုင်လွန်းလို့"

မဝင်းနုသည် ဘဒွေး၏ မျက်နှာကို မကြည့်ရဲတော့သကဲ့သို့ မျက်နှာအောက်စိုက်သွားရှာတော့သည်။ ဘဒွေး၏ စိတ်တွင်ကား သူမ၏ အစ်ကိုကြီးဟု အထင်ခံရသော ဒွေမျိုးဘဝမှ လျှောကျသွားတော့မည်ကို မခံမရပ်နိုင်အောင် နမြောတသ နေတော့သည်။

"ဟဲ့ ကလေးမ နင်ရူးနေသလား။ ငါ နင့်အစ်ကိုကြီး ဘဒွေးလေ"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ ဝင်းနုသိပါတယ်။ အစ်ကိုကြီး ငွေတွေကိုလေ ဒီအိမ်ကြီးကို ရောင်းပြီး ပိုသလောက်တော့ ပြန်ဆပ်နိုင်ဖို့ ဝင်းနု ကြည့်နေခဲ့တာပါ။ အင်း၊ စိုက်ကုန်ရတဲ့ အစ်ကိုကြီး ငွေတွေကိုတော့ ဝင်းနု ငွေစားပြန်ဆပ်နိုင်မှာပါပဲ။ ဒါပေမဲ့ အစ်ကိုကြီးရဲ့ စေတနာတွေကိုတော့ စေတနာအစား ပြန်ဆပ်ဖို့ မတွေ့နိုင်လောက်အောင်"

"ဟဲ့ ဟဲ့ ကလေးမ"

http://www.dhammadownload.com



ဘဋွေးသည် ဝင်းနု၏ စကားများကို နားမထောင်ဝံ့သကဲ့သို့ လက်ဝါးတကာကာနှင့် ကန့်ကွက်ငြင်းဆန်နေမိသည်။ သို့သော် ဝင်းနုက သနားစရာ ကောင်းလောက်အောင် မဲ့ပြုံးကလေး ပြုံး၍

"မဟုတ်သေးဘူးလေ အစ်ကိုကြီး။ ဝင်းနု သိပါတယ်။ အစ်ကိုကြီး အစစ် ကိုဘဋွေးမှာ ငယ်ငယ်က ခွေးလေးခုတ်ရင်း ဓားထိလို့ ဘယ်ဘက် လက်ညှိုးကလေးတစ်ချောင်း ပြတ်နေတယ်။ မေမေကုတောင် ဝင်းနုကို ခဏခဏစကားစပ်မိလို့ ပြောနေသေးတယ်။ ဝင်းနုငယ်ငယ် အစ်ကို ကြီးက အဲသည် လက်ညှိုးတိုကလေးနဲ့ခြောက်ခြောက်နေတာလဲ ဝင်းနု မှတ်မိတယ်။ အစ်ကိုကြီး ရောက်လာပြီး မေမေ သေခါနီး ဖက်လိုက်တော့ အခု အစ်ကိုကြီးလက်မှာ လက်ညှိုး"

ဘဋွေးသည် လန့်ဖျပ်ကာ သူ့လက်ညှိုးကို သူထောင်၍ ကြည့် လိုက်မိသည်။ မိမွေးတိုင်း ဖမွေးတိုင်းရှိသော သူ့လက်ညှိုးကို ငယ်ငယ်က အကြောင်းတစ်ခုကြောင့် မပြတ်ခဲ့ရကောင်းလားဟု အပြစ်တင်မိတော့ သည်။ ဝင်းနုကို ဘာစကားမှမဖြေနိုင်ဘဲ တံတွေးကိုသာ ကျိတ်၍ မျို နေမိလင့်ကစား မျက်နှာထားမှာမူ ငိုရမလို၊ မဲ့ရမလို့ ဘာကလိုတိုကြီး ဖြစ်နေလေ၏။

*

"ကဲ ဆရာသုခ၊ ဆရာမှာသာ စာရေးဆရာသုခနဲ့ ဂဠုန်သုခ နာမည်ရော နေရပ်ပါ တူနေလို့ ခွကျနေပေမဲ့ ကျွန်တော်တော့ ဘဋွေးချင်း နာမည် တူနေတာနဲ့ မိန်းမရတာပဲ ခင်ဗျ"

ကိုဘဋွေးသည် ပြုံးပြုံးနှင့် သူ့ဓာတ်လမ်းကို အတိုချုံးကာ နိဂုံး သတ်လိုက်သည်။ သူသည် သတင်းစာများတွင် မိုလ်ချုပ်လုပ်ကြံမှုနှင့် ပတ်သက်၍ ကျိုက်လတ်မှ သုခဆိုသူကို ဖမ်းထားကြောင်း တွေ့ရသဖြင့်

http://www.dhammadownload.com



ဤတစ်ခေါက် ရန်ကုန်အလာတွင် ကျွန်းမာစွာ ရှိ၊ မရှိ ကျွန်ုပ်အိမ်သို့ ဝင်လာမေးမြန်းခြင်း ဖြစ်လေသည်။ ထိုကမှ နာမည်တူမှုနှင့် ပတ်သက်၍ ရယ်မောစရာပြောရာက သူ့အကြောင်းကို သူသတိရကာ ပြောပြခြင်း ဖြစ်လေသည်။

သူနှင့်အလားတူ မိတ်ဆွေများစွာတို့သည် ထိုကိစ္စကြီးနှင့် ပတ်သက်၍ ကျွန်ုပ်ထံ ကိုယ်တိုင်လည်း လာကြသည်။ စာရေး၍လည်း မေးကြသည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း ကျိုက်လတ်သား ဖြစ်နေသောကြောင့် အလကား မျက်နှာပူရပေါင်း များလှပြီ။ ရင်းနှီးသောမိတ်ဆွေများကမူ ခနိးခနဲ့ ကျီစားကြသည်။ နောက်ကြပြောင်ကြသည်အထိ ဆိုးဝါးတော့သည်။

ကျွန်ုပ်မှာ နောက်ပြောင်ကြသမျှလည်း ခံရသည်။

မေးမြန်းသမျှ စာကိုလည်း ပြန်ရသည်။

သို့သော် မေးမြန်းစုံစမ်းကြသူများစွာတို့အနက် ကိုဘဌေး လာရောက်ခြင်းသည် ဝတ္ထုတိုတစ်ပုဒ်ရ၍ သူ့ကို ကျေးဇူးတင်ရသေးသည်။ တကယ့်အမှန်ဓာတ်လမ်းသည် လုပ်ကြံစိတ်ကူး၍ရေးသော ဓာတ်လမ်းထက် ဆန်းကြယ်တတ်ပေသေးသည်။

"နေပါဦး ကိုဘဌေးရဲ့၊ သူ့အစ်ကိုကြီး ဘဌေးဆိုတဲ့ လူအကြောင်း ကောဗျ။ ဘာကြားရသေးသလဲ"ဟု ကျွန်ုပ်က မေးကြည့်သည်။ "ဟာ၊ ဒီလူကတော့ ပေလွှန်းပါတယ်ဗျာ။ ငွေတစ်ရာပေးလိုက်တဲ့ အချိန်ကစပြီး ထွက်သွားလိုက်တာ အခုထက်ထိ သေသလား ရှင်သလားတောင် မသိပါဘူး။ ရန်ကုန်ကို ကျွန်တော်တို့ ရောက်လို့ ရှာကြည့်လဲ မတွေ့ပါဘူး"ဟု စိတ်ပျက်လက်ပျက် ပြောပြပါသည်။

http://www.dhammadownload.com



လျှပ်စစ်ဝင်းလက်ပြီးသည်နှင့် တစ်ပြိုင်နက် ဂျိုးဂျိုးဂျိမ့်ဂျိမ့်မြည်အောင် ထစ်ချုန်းလိုက်သော မိုးခြိမ်းသံကလည်း မှောင်နှင့်မည်းမည်းမိုးသည်းသည်းတွင် အသည်းထိတ်စရာကောင်းလှသည်။ သို့သော် အနမတဂ္ဂဖြစ်သော မြေပုံအဟောင်းအသစ်၊ ဂူအဟောင်းအသစ်တို့မှာမူကား 'လုပ်တိုင်း' ဟူသော ပေါရာဏစကားကို ထောက်ခံသကဲ့သို့ ရာသီဥတုလေကြီးမိုးကြီးတို့က လုပ်တိုင်း နကမ္ဘတိ ဖောက်ပြန်ပြောင်းလဲခြင်းမရှိ၊ ပကတိတည်ငြိမ်စွာ ခေါင်းငုံ့၍ ခံနေကြနိုင်ပေ၏။

၎င်းမြေပုံ အုတ်ဂူများအပေါ်က မိုး၍ သဘက်တွေ ယိမ်းကသလိုဘယ်ယိမ်းညာနွဲ့ တကယ့်ကို ကြောက်စရာကောင်းအောင် လှုပ်ရှားနေသော သစ်ပင်ကြီးယယ်တို့ကို မြင်ရသည့် အခြင်းအရာမျိုးမှာ သာမန်လူကိုမဆိုထားနှင့် အရက် ကိုးမောင်းတင်၍ ရဲရည်ရဲဆေး ဝင်လာသူများပင်လိပ်ပြာစဉ်လွင့်၍သွားအောင် တတ်နိုင်ကောင်း တတ်နိုင်ပေလိမ့်မည်။

ထိုသို့ အချိန်အားဖြင့်သော်လည်းကောင်း၊ အခါကာလ ဌာနအားဖြင့်သော်လည်းကောင်း အနိဋ္ဌာရုံအပေါင်းတို့၏ စုဝေးရာ၊ အမင်္ဂလာတို့၏ဆုံစည်းမှုအထဲတွင် သုဘရာဇာဟုခေါ်ကြသည့် သချိုင်းမြေတူးသမားများ၏ တဲကလေးဆီကမူ လူသံမကြား မီးရောင်မထွက် အသက်မရှိသလိုငြိမ်ချက်သား ကောင်းနေကြသည်။ သူတို့သည် တစ္ဆေသရဲထက် ရာသီဥတုဆိုးရွားမှုကို စက်ဆုပ်ကြဟန်တူသည်။ လသာသောညများအဖို့တွင်တစပြင် မြေပုံများအကြား၌ သူတို့၏ ကလေးများ ကစား၍ပင်နေတတ်ကြသေးသည်။ ထိုအချိန်မျိုးတွင် လူကြီးတွေက တဲပေါ်တွင် မီးတထိန်ထိန်နှင့် ကိုးမီးဝိုင်း၊ ပိုကာဝိုင်း တခြိမ့်ခြိမ့် ရှိခဲ့ဖူးသည်။ ဘာသာဘာဝအားဖြင့်စဏ္ဍာလမိန်းမပျိုတစ်ဦးကို သုဘရာဇာလုလင်ပျိုတစ်ဦးက ဘင်ဂျိုတဒေါင်ဒေါင်တီး၍ "ချစ်ပါရစေ၊ အသနားခံသော်လဲ ငြင်းပယ်တယ်ဂုဏ်မြင့်သူကကွယ်" ဟူသော တေးသီချင်းနှင့် ညုနေသံကို ကြားနိုင်ပေ

http://www.dhammadownload.com



ရောဂ၍ မြည်လိုက်သေးသည်။ ဇရပ်ခေါင်မိုးက သွပ်ပြားများကလည်း တရုတ်လင်ပန်းတီးသလို လှန့်လိုက်ပြန်သေးသည်။

ထိုအသံများကြောင့်ပင် ကုက္ကိုပင်ပေါ်မှ ကျီးအုပ်မှာ လန့်၍အော်ရင်း ထပျံကြသေးသည်။ သို့လင့်ကစား မိုးသက်အမှောင်ထုကြားတွင် ဝေးဝေးကို မပျံနိုင်ကြ။ နီးရာညောင်ပင်တစ်ပင်သို့ အလျင်စလိုဝင်၍ ခိုလိုက်ကြလေရာ ညောင်ညိုရှင်ဆက်ရက်များက လန့်နိုးကြသောကြောင့် နယ်ချဲ့လာသော ရွှေကျီးညိုတို့ကို တဂစ်ဂစ် တကျီကျီ ကန့်ကွက်ကာ ဆန္ဒပြကြရင်း ထ၍ ဝိုင်းကြသည်မှာ သစ်ပင်တစ်ပင်လုံး ကသောင်းကနင်း ဖြစ်ကုန်ကြတော့သည်။

ထိုအချိန်တွင် ဖြိုဖျက်နေသော ယာယီဂူမှ အုတ်တစ်ပြား ကွာသွားပြီဖြစ်သောကြောင့် တူးရှင်းသမားမှာ အတော်အားတက်သွားဟန်နှင့် ဟင်းခနဲ သက်ပြင်းချလိုက်ရင်း ကိုယ်ကို ခါးဆန့်၍ ရပ်လိုက်ကာ တူးရှင်းကို ဂူခြေရင်းတွင် ထောက်၍ အနားယူလိုက်သည်။ အုတ်စီ၍ထားသော အဆောက်အအုံမှန်သမျှ ကွာလက်စအုတ်တစ်ပြား ပေါက်သွားလျှင် တစ်ခုလုံး ဖြိုဖျက်ရန် မခဲယဉ်းတော့ပြီ။

တူးရှင်းသမားသည် ကျေကျေနပ်နပ်နှင့် လောကဓာတ်၏ မိုးသက်လေကို အားပါးတရ ရှူရှိုက်လိုက်သည်။ အတင်းဝင်၍ ပက်ကြသော မိုးရေဒဏ်ကိုလည်း ခံစားနေရကြောင်း ယခုမှ သတိပြုမိလျက် နဖူးပေါ်မှ ရေပေါက်များကို လက်တစ်ဖက်နှင့် သပ်ချလိုက်သည်။

ထိုခဏ၌ ရွှံ့နွံရေစပ်များကို အတော်ကြီးကြာအောင် နင်းထားရပြီးဖြစ်၍ ပဲကြီးရေစိမ်ပမာ ဖြူရော်ရော် ပွတတ ဖြစ်နေသည့် မိမိ၏ခြေခုံပေါ်ကို ကမူးရှူးထိုးဝင်၍တိုးကာ ဖြတ်ကျော်သွားသည့် မြေကြွက်ကြီးတစ်ကောင်ကိုလည်း သတိထားလိုက်မိသည်။ ထိုသတ္တဝါမှာ မသာအခေါင်းကောင်များ၏ လူဆီလူသားကို စားနေကြသဖြင့် အဆမတန်

http://www.dhammadownload.com



"ကောင်းပြီလေ ပြန်လာရင် ဘာပေးမလဲ ပြော"ဟု ကိုထွန်းရွှေက ကုလားထိုင်မှထကာ မိုးကာအင်္ကျီကို ဆွဲ၍ ဟန်ပြင်လိုက်၏။

"အို ခင်ဗျား ပြန်လာရင် ငွေတစ်ရာပေးမယ်ဗျာ။ သို့ပေမယ့် ခင်ဗျား ပြန်ရောက်ရောက်ချင်း သုံးယောက်စလုံး လက်ဆွဲခေတ်မီးနဲ့ လိုက်ကြည့်မှာဗျနော်။ ဟုတ်မှလဲ လုပ်"

"ကိစ္စမရှိပါဘူးလေ။ ဘယ်တော့ပဲ ကြည့်ကြည့်၊ အင်း ခင်ဗျား ငွေတစ်ရာကို မက်လှလို့တော့မဟုတ်ပါဘူး။ ထွန်းရွှေအကြောင်း ပြချင်လို့သာ သွားရမှာပါဗျာ"

ကိုထွန်းရွှေက မိုးကာအင်္ကျီဝတ်ရင်း ပြောလိုက်သေးသည်။ ဘသောင်းမှာ သူ့ဆရာကို တားရမည်လည်း မဝံ့။ သွားမည်ကိုလည်း စိုးရိမ်၊ မျက်လုံးကလေး အကြောင်သားနှင့် ကြည့်နေစဉ် အတွင်းမှာပင် ကိုထွန်းရွှေမှာ အရက်တန်ခိုးကြောင့်ပေလော၊ နဂိုသတ္တိကြောင့်ပေလော မသိ။ လေကလေးချွန်ကာ မိုးရွာထဲသို့ ဆင်း၍သွားတော့သည်။ အိမ်နှင့် ပေနှစ်ဆယ်လောက်အကွာတွင်ပင် မှောင်နှင့်မည်းမည်း ဖြစ်နေသောကြောင့် ကိုထွန်းရွှေ၏သဏ္ဌာန်မှာ မှုန်တဝါးဝါးတွေ့နေရာက ပျောက်သွားတော့သည်။ လေချွန်သံကလေးကိုမူ ကြားလိုက်ရသေးသည်။

"ဟော့ မောင်ဘသောင်း၊ နှစ်ဦးသဘောတူသွားတာနော်။ နောက်တစ်ခုခု ဖြစ်လာရင် မင်းသက်သေပဲ"ဟု သက်သေထူလိုက်ပြီးမှ

"ဟဲ ဟဲ မင်းဆရာ ရှက်လို့သာ ရှက်ရမ်းရမ်းပြီး သွားရတာပါကွာ။ နည်းနည်းတော့ အကြောက်သားကွ။ ကြည့်ပါလား အကြောက်ပြေအောင် လေချွန်သွားတာ"

"ဖြစ်ပါ့မလား ကိုကျော်မွေးရာ တော်တော်ကြာ"

"အေးလကွယ် နာရီဝက်အတွင်း ပြန်မရောက်တော့မှ မင်းနဲ့ငါနဲ့ လိုက်ကြတာပေါ့။ ကဲ သောက်ပါဦးကွာ စိတ်အေးလက်အေး"

http://www.dhammadownload.com



"ဟဲ ဟဲ ဟဲ ရှိပါစေတော့ဗျာ။ ဒီကောင် လာရှုပ်တာ။ ကဲ လာလာ မောင်မင်းကြီးသား"

*

ကိုကျော်မွေးအိမ်သို့ ရောက်သောအခါ စိတ်မောလူမော ဖြစ်လိုက်ရသော ကိုထွန်းရွှေက ဝီစကီတစ်ခွက်ကို တောင်း၍ သောက်လိုက်သေးသည်။

"ကဲ ကိုကျော်မွေး ဒီအမှုဟာ ခင်ဗျားနဲ့ပါ တိုက်ရိုက် သက်ဆိုင်နေပြီ။ သက်သေလိုက်ရအောင်သာ ပြင်ထားပေတော့။ သူ့သာန်မြေပိုင်နက်ကျူးလွန်မှုမကဘူး။ ဂူဖျက်အလောင်းဖွင့်ဆိုတော့ ပုဒ်မ ၂၅၇ နဲ့ တွဲရမှာပဲ"

"ဒါတွေ ထားလိုက်ပါဦး။ ဒီကောင်ကို ကျုပ်မေးစမ်းပါရစေဗျာ၊ ဘယ်လိုအကြံနဲ့ လာလုပ်ရတာလဲလို့ ဟေ့ကောင် အမှန်အတိုင်းပြောစမ်းကွာ"

တရားခံမှာ တစ်ကိုယ်လုံးစိုရွှဲ၍ တဓိုက်ဓိုက်တုန်သည်။ အသားအရေများမှာ အအေးလွန်သောကြောင့် ပြာနှမ်းနှမ်းဖြစ်နေလေ၏။ သူသည် ကိုထွန်းရွှေ သောက်နေသောဝီစကီကို တောင့်တသောမျက်စိနှင့် မျှော်ကြည့်လိုက်သည်။ အရှိမ်းကလေးလုံသွားအောင် နည်းနည်းတော့ ငုံလိုက်ချင်သေးဟန်တူသည်။ အကင်းပါးသော စေတနာရှင် ကိုကျော်မွေးက အလိုက်သိစွာ တစ်ခွက်ပေးရင်း

"အခုမှ ချမ်းရမှန်း သိသလားကွ၊ ကဲ ရော့ ရော့ နည်းနည်းတော့ သောက်ပါစေဗျာ ကိုထွန်းရွှေနော်"

တရားခံသည် ကိုကျော်မွေး ကမ်းလိုက်သော ဝီစကီကို မဆိုင်းမတွ မော့ချလိုက်လေသည်။ အရက်ကလေး အနည်းငယ် ဝင်သွားသောအခါ သူ့မျက်နှာမှာ သွေးရောင်ကလေးများ လျှမ်းလာတော့သည်။ ယခုမှ

http://www.dhammadownload.com



နေသာထိုင်သာ ရှိသွားသကဲ့သို့ နေရာပြင်ထိုင်လိုက်ရင်း သက်ပြင်းတစ်ချက် ချလိုက်သည်။ အသက်အရွယ်မှာ သုံးဆယ်ကျော်ခန့်ရှိရပ်ရည်မှာ လုပ်စားကိုင်စား အောက်တန်းခပ်ကျကျ၊ မလှ အရုပ်မဆိုး၊ ရိုးသားသော အမူအရာတွင် မခံချင်တတ်သော သတ္တိ၊ တစ်ဆုံးတစ်စ လုပ်လိုက်မည့် စိတ်ထားကား မျက်စိနှင့် နှုတ်ခမ်းက ဖော်ပြနေသည်။ သူ၏နှုတ်ခမ်းသည် ကြီးမားသလောက် စေ့စပ်၍ မျက်လုံး၏အရောင်မှာ ခပ်မှေးမှေးထင်ရသော်လည်း အခတော်တောက်ပြောင်နေသည်။ သူ ကြည့်ရှုပုံမှာ ခပ်စွေစွေ ကလေး ကြည့်တတ်သောကြောင့် ဆင်ကြည့်ကြည့်သည်ဟု ဆိုရမည်လား မပြောတတ်ပေ။

"လုပ်စမ်းပါဦးကွ မင်းရာဇဝင်"

"ဟုတ်ကဲ့၊ ကျွန်တော် ပြောပါ့မယ်"

"ကျွန်တော့ နာမည်က စံပျော်။ ဇာတိက နွားထိုးကြီး၊ စစ်ကြီးပြီးလို့ တိုင်းပြည်သာယာတယ် ဆိုကတည်းက အညာကဆင်းပြီး ကျွန်တော်တို့အဖော်တွေနဲ့ ရန်ကုန် လာကြပါတယ်။ ရန်ကုန်အနောက်ပိုင်းဘုန်းကြီးလမ်းမှာ ကျွန်တော်တို့မြို့က ကိုဘိုးထိုက်ဆိုတဲ့လူက မုန့်ဟင်းခါးနဲ့ ကြီးပွားနေတာမို့ သူ့ထံမှာပဲ ကပ်နေကြရပါတယ်။ သူက မုန့်ဟင်းခါး ဖိုထောင်ပြီး မုန့်တီကို ဖောက်သည်ပေးပါတယ်။

"မုန့်ကို သူ့ဆီက ဝယ်၊ ဟင်းကို ကိုယ်ကြိုက်သလို ကိုယ်ချက်ပြီး နေ့တိုင်း အထမ်းနဲ့ လျှောက်ရောင်းရပါတယ်။ မုန့်တစ်နေ့ တစ်နေ့ကို ခွက်တစ်ဆယ်လောက်ကုန်တာမို့ အသားတင်အမြတ် ရှစ်ကျပ်တစ်ဆယ်လောက် နေ့တွက်စီပါတယ်။

"မနက်ခုနစ်နာရီလောက်က ထွက်ရောင်း၊ နေ့လယ် ဆယ်နာရီလောက်မှ မကုန်ရင် စာသင်ကျောင်းတွေအနားသာ သွားရောင်း ကုန်တာချည်းပါပဲ။ အဲသည်လို ကုန်တော့မှ အိမ်ပြန် ထမင်းစား အမောအပန်း

http://www.dhammadownload.com



"စနေ၊ တနင်္ဂနွေဆိုရင် ကျွန်တော် ဒုက္ခပဲ။ သူ့ကို မမြင်ရတော့ဘူး။ အဲသည်လို ကျွန်တော် ဒုက္ခတွေကို မရိုမသေ ခံစားနေရတုန်းပဲ တစ်နေ့ကျတော့ သူက မုန့်ဟင်းခါးစားနေရင်းက စနေ၊ တနင်္ဂနွေဆိုရင် ကျောင်းမလာရလို့ ကျွန်တော့မုန့်ဟင်းခါးကို မစားရတော့ဘူးတဲ့။ သူ့စိတ်ကလဲ မုန့်သည်တစ်သည်ဆိုရင် ဒီတစ်သည်ပဲ စွဲစားချင်တယ်တဲ့။ နောက်ပြီး ကျွန်တော့ဟင်းကလဲ သူများထက်ကောင်းတာ သူသိလို့ သည့်ပြင်မုန့်သည်ကို မစားချင်တဲ့အတွက် တတ်နိုင်ရင် သူတို့အိမ်ရှိတဲ့ လမ်းဘက်ကို စနေ၊ တနင်္ဂနွေတိုင်း လာခဲ့ပါလို့ ပြောတယ်။

"အဲသည်လိုပြောတဲ့အခါတုန်းက သူ့ပါးကလေးနှစ်ဖက်မှာ ပါးချက်ကလေးပေါ်အောင် ပြုံးလိုက်တာကလေးတောင် ကျွန်တော် အမှတ်တရ မှတ်လိုက်မိပါသေးတယ်။

"သူတို့နေတာ ဂျူဗလီဟောနားက လမ်းတစ်လမ်းမှာ နေသတဲ့။

"အို ဂျူဗလီဟောနား မကလို့ သင်္ချိုင်းကျွန်း လိုက်ရပါစေ၊ ကျွန်တော် လိုက်မှာပဲ၊ အဲဒီနောက် စနေတနင်္ဂနွေနေ့တိုင်း သူစားလေ့ရှိတဲ့ ဆယ်နာရီအချိန်တိတိရောက်အောင် သွားရတာဟာ ဘုန်းကြီးတွေ ပိဏ္ဍပါတ်ဆွမ်းခံတာထက် မှန်ပါသေးတယ်။ အဲဒီအချိန်မှာ သူတို့အိမ်ကိုသွားတဲ့လမ်းက အထမ်းလိုက် ပုတ်ပြတ်ဝယ်မယ်ဆိုတာတောင် ကျွန်တော်မရောင်းဘူးလို့ သန္နိဋ္ဌာန်ချထားတာပဲ။ ဟုတ်တယ်၊ ကျွန်တော့မုန့်ဟာ သူစားလို့မကုန်မှ အများစားဖို့ ဖြစ်နေရတယ်။

"သူကလဲ ကျွန်တော့ကို မြင်လိုက်ရင် ရွှင်သွားတာပဲ။ ကျွန်တော့အဖို့မှာတော့ တွေးသာကြည့်ပေတော့။ ဒါပေမဲ့ တစ်ခုတော့ ဝမ်းနည်းမိတယ်။ သူ့တို့ အိမ်ကြီးကို မြင်လိုက်ရတာနဲ့ သူတို့ရဲ့ အဆင့်အတန်းကို အလိုလို သိနိုင်တယ်။

http://www.dhammadownload.com



"ဒါတွင် ဘယ်ကဦးမလဲ၊ တရားလိုရဲ့ ဖအေကြီး ဂါတ်ကို ခဏ လာတယ်ဆိုရင်ပဲ မျက်နှာလိုအားရလား၊ ဒါမှမဟုတ် ဟိုကပဲ အနိုပ်စက် ခိုင်းလို့လားဖြင့် မသိပါဘူးခင်ဗျား။ ဒူးနဲ့တိုက်၊ ဖနောက်နဲ့ပေါက်၊ ပါးရိုက်၊ နားရင်းအုပ် လုပ်ချင်သလို လုပ်ကြတာပါပဲ။ အနာကဆိုတာလဲ နာလိုက် ကိုက်လိုက်တာ မပြောနဲ့တော့။ တစ်ညလုံး မအိပ်ရပါဘူး။

"ဒါသာဖြစ်တယ်။ ကျွန်တော် ဒီကြားထဲက ဝမ်းသာနေမိတယ်။ ကျွန်တော့ချစ်သူကလေးဟာ သူမကြိုက်တဲ့လူ လက်ထဲကို ကျွန်တော့ ကြောင့် မပါတာပေါ့။ အဲဒါဟာ ကောင်းမှုကုသိုလ်ကြီး လုပ်ရသလို ပဲ။ ပရစေတနာတွေပွားပြီး အနုမောဒနာ ဖြစ်မိတယ်။

"ဒါနဲ့ ရုံးရောက်၊ ရုံးကျတော့ တရားသူကြီးက မေးသေးတယ်။ သူကလေးနဲ့ မပတ်သက်အောင် ရှောင်နိုင်သမျှ ရှောင်ပြီး အစစ်ခံခဲ့ပါ တယ်။ ပြစ်မှုထင်ရှားတယ်ဆိုပြီး အလုပ်ကြမ်းနဲ့ ထောင်ဒဏ်ခြောက်လ တဲ့"

"ကျွန်တော့တစ်သက်နဲ့တစ်ကိုယ် သူကြီးအိမ်တောင် မရောက်ခဲ့ဖူး ပါဘူး။ ထောင်ကျဖို့ဆိုတာတော့ ဝေးရော။ သူကလေးနဲ့ ပတ်သက်မှပဲ ဖင်ဖြဲ အရှာခံပြီး ထောင်ထဲရောက်ရတော့တာပဲ ခင်ဗျာ။ အဲသည်လို ထောင်ထဲမှာ ပင်ပင်ပန်းပန်း လုပ်နေရတဲ့ကြားထဲက ငိုမဲ့မဲ့မျက်နှာကလေး နဲ့ 'မုန့်ဟင်းခါးသည် ဆရာကြီး' လို့ ခေါ်လိုက်တာကလေး မြင်ယောင် နေမိတယ်။ အဲသည်လို သတိရလိုက်တိုင်း အင်း ငါ ထောင်ကျတာ တန်ပါပေတယ်လို့ စိတ်ဖြေစရာ ဖြစ်ရတာပါပဲ။

"ခြောက်လဆိုတော့ ရက်ပေါင်း တစ်ရာ့ရှစ်ဆယ် လျှော့ရက်နုတ် လိုက်ရင် တစ်ရာ့ခုနစ်ဆယ်လောက် ဆိုပါတော့။ ထောင်ထဲမှာ နေခဲ့ရ တယ်။ ကျွန်တော်ဖြင့် တစ်နေ့မှ သတိမရတဲ့နေ့ရယ်လို့ မရှိဘူး။

